Myanmar Centre for Responsible Business

သတင်းထုတ်ပြန်ချက်

စက်တင်ဘာ ၇၊ ၂၀၁၇။

## အားလုံးပါဝင်မှု၊ မတူကွဲပြားခြားနားမှု နှင့် တန်းတူ အခွင့်အရေးတို့သည် စီးပွားရေးလုပ်ငန်းများ၏ အဓိက တန်ဖိုးများ ဖြစ်သင့်

လုပ်ငန်းခွင်နှင့် အလုပ်ခန့်ထားမှုတို့၌ ခွဲခြားဆက်ဆံမှုများကို တိုက်ဖျက်ရန်အတွက် ကုမ္ပဏီများကို အကူအညီ ပေးနိုင်ရန်ရည်ရွယ်ပြီး အနှစ်ချုပ်စာစောင်တစ်စောင်ကို မြန်မာ့စီးပွားရေးကဏ္ဍ တာဝန် မှုရှိရေး အထောက်အကူပြုဌာန(MCRB)က ယနေ့ထုတ်ပြန်ခဲ့ပါသည်။ မြန်မာနိုင်ငံ အတွင်းရှိ ခွဲခြားဆက်ဆံ ခံရမှုကို အများဆုံးကြုံတွေ့ရသည့် အချို့သော အုပ်စုများဖြစ်သည့် - အမျိုးသမီးများ၊ အမျိုးသားချင်း ချစ်သူများ၊ အမျိုးသမီးချင်းချစ်သူများ၊ အမျိုးသား/အမျိုးသမီးနှစ်မျိုးစလုံးကိုချစ်သူများနှင့် ဆန့်ကျင်ဘက်လိင်ကဲ့ သို့ပြောင်းလဲခံယူနေထိုင်သူများ၊ HIVရောဂါသည်များ၊မသန်စွမ်းသူများ၊ တိုင်းရင်းသားလူနည်းစုများ နှင့် ကိုးကွယ်ရာ ဘာသာ လူနည်းစု တို့အပေါ်တွင် မူဝါဒပိုင်းဆိုင်ရာ၊ ဥပဒေနှင့် အလေ့အကျင့်ပိုင်းဆိုင်ရာတို့အရ ခွဲခြားဆက်ဆံမှုများကို အနှစ်ချုပ်စာစောင် ထဲတွင် ဖော်ပြထားသည်။

အာဏာပိုင်များ၊ အလုပ်ရှင်များ နှင့် လူမှုပတ်ဝန်းကျင် အသိုင်းအဝန်းများအကြားတွင် ယေဘုယျအားဖြင့် ထိုအုပ်စုများ သည် ခွဲခြားဆက်ဆံမှု ကို ကြုံတွေ့နေရသည်။ အချို့ချို့သော လူများသည် ထောင့်ပေါင်းစုံမှ ခွဲခြားဆက်ဆံခြင်းကို ကြုံတွေ့ရသည်။ ဥပမာ - တိုင်းရင်းသားလူနည်းစုအုပ်စု ထဲမှ အမျိုးသမီးများ၊ သို့မဟုတ် မသန်စွမ်းအမျိုးသမီးများ။

မြန်မာ့စီးပွားရေး ကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန၏ ဒါရိုက်တာ ဗစ်ကီဘိုမန်က **"ကျွန်မတို့အနေနဲ့ ကုမ္ပဏီတွေက ခွဲခြားဆက်ဆံတာကို တိုက်ဖျက်ဖို့နဲ့ အားလုံးပါဝင်မှု၊ မတူညီကွဲပြားခြားနားမှု နဲ့ တန်းတူ အခွင့်အရေးတွေကို စီးပွားရေးလုပ်ငန်းတွေရဲ့ တန်ဖိုးတွေ အဖြစ်ထားဖို့ ကတိပြု လုပ်ဆောင်တာကို တွေ့မြင်လိုပါတယ်။ "**

**"ဒါပေမဲ့ ခွဲခြားဆက်ဆံမှုကို တိုက်ဖျက်တဲ့အခါမှာ ထိရောက်မှု ရှိစေဖို့ မြန်မာနိုင်ငံမှာ ခွဲခြားဆက်ဆံမှုတွေက ဘယ်လိုရှိတယ်ဆိုတာကို ကုမ္ပဏီတွေက သိထားဖို့လိုပါတယ် ။ စာအုပ်တွေထဲမှာ ခွဲခြားဆက်ဆံမှုရှိတဲ့ ဥပဒေတွေ ရှိနေသေးချိန်မှာပဲ ယနေ့ မြန်မာနိုင်ငံက ခွဲခြားဆက်ဆံမှုအများစုဟာ ကမ္ဘာတစ်ဝှမ်းမှာလိုပဲ လူမှုအသိုင်း အဝန်းက ထားရှိတဲ့ သဘောထားအမြင်တွေက ခွဲခြားဆက်ဆံနေတာပဲ ဖြစ်ပါတယ်။ ဆိုလိုတာက ခွဲခြားဆက်ဆံမှုဆိုတာဟာ ကုမ္ပဏီတွေကရော၊ သူတို့အလုပ်သမားတွေကပါ လုပ်နေကြဖြစ်နေကြ လုပ်ရိုးလုပ်စဉ် တစ်ခုလိုကို ဖြစ်နေပါပြီ။ "**

**"တိုက်ရိုက်မဟုတ်ဘဲ သွယ်ဝိုက်သောနည်းနဲ့ခွဲခြားဆက်ဆံခြင်းလို ကိစ္စရပ်မျိုးတွေမှာ ဆိုရင်တော့ မန်နေဂျာတစ်ယောက်အနေနဲ့ ခွဲခြားဆက်ဆံမှုကို သတိတောင်ထားမိမှာ မဟုတ်ပါဘူး။ ဒီအနှစ်ချုပ်စာစောင်ရဲ့ ရည်ရွယ်ချက်က ကုမ္ပဏီတွေအနေနဲ့ ခွဲခြားဆက်ဆံမှုကို သတိထားမိအောင်နဲ့ ခွဲခြားဆက်ဆံမှုတွေ ပပျောက်ဖို့ လုပ်ကိုင်ပေးနိုင်အောင်ပဲ ဖြစ်ပါတယ်။"**

အနှစ်ချုပ်စာစောင်က မီးမောင်းထိုးပြထားချက်များတွင် - ကုမ္ပဏီများက ၎င်းတို့၏ အလုပ်ခန့်အပ်သည့် အလေ့အကျင့်များထဲတွင် ခွဲခြားဆက်ဆံမှုမပြုမိစေရန်အတွက် စစ်ဆေးရန်အချက်များလည်း ပါဝင်သည် ။ ဥပမာ ၎င်းတို့ အလုပ်ခေါ်စာများကို မသန်စွမ်းသူများ အလွယ်တကူရယူ နိုင်မှု ရှိ/မရှိ။ မန်နေဂျာများက ၎င်းတို့နှင့် ဘာသာတူ လူမျိုးတူများကို သာလျှင် အလုပ်ခန့်အပ်ရန် ပိုမိုနှစ်သက်မှု ။ အလုပ်လျှောက်ထားသူများ ကမလိုအပ်ဘဲ HIV ဆေးစစ်မှုကို ပြုလုပ်နေရာမှု ရှိမရှိ ၊ စသည်တို့ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ လုပ်ငန်းခွင်များတွင် ဖြစ်လာနိုင်ချေရှိသည့် ခွဲခြားဆက်ဆံမှုများကို သတိပြုမိနေရန် လည်းလိုအပ်သည်။ ကလေးငယ်သည့်အတွက် ထိန်းသိမ်းစောင့်ရှောက်မှု လိုအပ်သည့် အလုပ်လုပ်နေသည့် အမျိုးသမီးများ သို့မဟုတ် မိဘအုပ်ထိန်းစောင့်ရှောက်မှု တာဝန်ဝတ္တရားများ ရှိသည့်လူများကို ရာထူးတိုးမြှင့်ပေးခြင်းမှ ဖယ်ထုတ်ထားခြင်းမျိုးရှိသလား။ စီးပွားရေးလုပ်ငန်းများ၏ အနိုင်ကျင့်ခြင်း ကို ဝန်ထမ်းများ အနေဖြင့် အမည်မဖော်ဘဲ လျှို့ဝှက်စွာတိုင်ကြားနိုင်သည့် ယန္တရားများ ထားရှိသလား၊ စသောအချက်များ ဖြစ်သည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းစုများသည် ၎င်းတို့၏ ကုန်ပစ္စည်းပိုင်းဆိုင်ရာကို လည်း ထည့်သွင်းစဉ်းစားသင့်သည်။ ကြော်ငြာများက အမျိုးသမီးများ၊ လိင်တူချစ်သူများ သို့မဟုတ် ဘာသာရေး တခုခု အပေါ်ထားရှိသော ပုံသေကားကျ ၊ရှေးရိုးစွဲ အတွေးအခေါ်များကို ပိုမိုခိုင်မာစေသလား။ ဝဘ်ဆိုဒ်စာမျက်နှာများက မှန်သားပြင်စာသားဖတ်ကြားမှုကို အသုံးပြုသော မျက်မမြင်များ ဖတ်နိုင်ခြင်း ရှိသလား ၊ စသောအချက်များ ဖြစ်သည်။

ထို အခက်အခဲ စိန်ခေါ်မှုများ ကို ကုမ္ပဏီများက ဖြေရှင်းနိုင်ရန် လက်တွေ့ကျသည့် အကြံပြုချက်များကို စာစောင်ထဲတွင် ထည့်သွင်းဖော်ပြထားပါသည်။ ထိုထဲတွင် ခွဲခြားဆက်ဆံမှုနှင့် ကြုံတွေ့ရသည့် အုပ်စုများအတွက် သီးသန့်အထူး အကြံပြုချက်များလည်း ပါဝင်သည်။

**နောက်ခံ အကြောင်းအရာ**

ဤအနှစ်ချုပ်စာလွှာသည် စီးပွားရေးလုပ်ငန်းများအတွက် အကြံပြုချက်များပေးနိုင်ရန် ဦးတည်ထားသည့် MCRBမှထုတ်ပြန်ထားသောထုတ်ဝေမှုများထဲမှ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတိုင်းန ှင့်ဆက် နွယ်န ေ သည့် အကြောင်းအရာများ (Cross Cutting Issues) ကို အစီအစဉ်လိုက် ထုတ်ဝေခြင်း၏ တစိတ်တပိုင်းပင် ဖြစ်ပေသည်။ အခြား ဆက်နွယ်နေသည့် အကြောင်းအရာများမှာ"မြန်မာနိုင်ငံ ရှိ ဌာနေတိုင်း ရင်းသားများ အခွင့်အရေး နှင့် စီးပွားရေးလုပ်ငန်းများ" ၊"မြေယာ" နှင့်" ကလေးသူငယ်အခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်းများ" ဖြစ်သည်။

မြန်မာ့စီးပွားရေး ကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန (MCRB) အနေဖြင့်လည်း ၎င်း၏ ရေနံ နှင့်

သဘာဝဓာတ်ငွေ့ အပိုင်း၊ ခရီးသွားလုပ်ငန်း အပိုင်း၊ ICT ကဏ္ဍ နှင့် သတ္တုတွင်း ကဏ္ဍ စသည်ဖြင့် ကဏ္ဍအလိုက် သက်ရောက်မှုအားလေ့ဆန်းစစ်ခြင်းများ (sector-wide impact assessments SWIAs) တို့တွင် ခွဲခြားဆက်ဆံမှု အပေါ်သက်ရောက်မှုများကို ထည့်သွင်းဖော်ပြခဲ့သည်။ အနှစ်ချုပ်စာလွှာ သည် ကဏ္ဍအလိုက် သက်ရောက်မှု လေ့လာဆန်းစစ်ခြင်းများ (SWIAs) ၏ ကွင်းဆင်းလေ့လာ ရာမှ ရှာဖွေတွေ့ ရှိမှုများ အပေါ်တွင် အခြေခံထားခြင်း ဖြစ်သည်။

၂၀၁၇ ဇူလိုင်တွင်မြန်မာ့ စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (Myanmar Centre for Responsible Business MCRB) သည် အမျိုးသမီးများ အုပ်စုအဖွဲ့များမှ ကိုယ်စားလှယ်များ၊ လိင်တူချစ်သူများ ကိုယ်စား ၎င်းတို့အကျိုးအတွက် လုပ်ကိုင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၊ HIV ရောဂါဝေဒနာရှင်များနှင့် မသန်စွမ်းများ၊ တိုင်းရင်းသား နှင့် ဘာသာရေးဆိုင်ရာ လူနည်းစုများ တို့နှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းသည့် ပွဲ ကို ကျင်းပဆောင်ရွက်ခဲ့ပါသည်။ အနှစ်ချုပ်စာစောင်နှင့် ပတ်သက်ပြီး ၎င်းတို့၏ အကြံပြုချက်များ၊ စိုးရိမ်ကြောင့်ကြမှု ရှိသည့်အကြောင်းအရာများ နှင့် အကြံပြုချက်များကို ပြန်လည်သုံးသပ်ရန် အတွက် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့ စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (Myanmar Centre for Responsible Business MCRB) www.mcrb.org.mm သည် ရန်ကုန်အခြေစိုက် ဖြစ်ပြီး ယူကေ ၊ ဒိန်းမတ် ၊ နော်ဝေ ၊ ဆွဒ်ဇာလန် ၊ နယ်သာလန် နှင့် အိုင်ယာလန် တို့ အထောက်အပံ့ အကူအညီဖြင့် ၂၀၁၃ ခုနှစ်တွင် Institute for Human Rights and Business (IHRB) နှင့် ဒိန်းမတ်နိုင်ငံ အခြေစိုက် Danish Institute for Human Right (DIHR) တို့ နှင့် ပူးပေါင်းဆောင်ရွက်ကာ ထူထောင်ခဲ့ခြင်းဖြစ်ပါသည်။ MCRB သည် စီးပွားရေးအဖွဲ့ အစည်းများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် အစိုးရအဖွဲ့ အစည်း များအကြား ပညာဗဟုသုတ ဖြစ်စေရန်လည်းကောင်း၊ အရည်အသွေး မြင့်မားစေရေးကိုလည်းကောင်း၊ နှစ်ဦးနှစ်ဖက်အကြား ဆွေးနွေးညှိနှိုင်းမှုများ ဖြစ်ပေါ် လာစေရန်နှင့် မြန်မာနိုင်ငံ ၏ ဒေသတွင်းလိုအပ်ချက်များ နှင့် နိုင်ငံတကာစံချိန်စံညွှန်းများ နှင့် အညီ မြန်မာနိုင်ငံ တွင် တာဝန်သိသော စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာရေးအတွက် အများ၏ယုံကြည်မှုကို ရရှိသော အဖွဲ့ အစည်း တစ်ရပ်ဖြစ်ပေါ်လာ စေရန်လည်းကောင်း ရည်ရွယ်ဖွဲ့ စည်းခဲ့ပါသည်။ ၎င်းသည် အစိုးရ ၊ အရပ်ဘက် အဖွဲ့ အစည်း နှင့် အစိုးရ အကြား ဘက်မလိုက် ပေါင်းကူးသဖွယ် လုပ်ကိုင် ဆောင်ရွက်လျှက်ရှိ ပါသည်။